# စပူပြင်ကျေးရွာ
# ပုလောမြို့နယ်၊
# မြိတ်ခရိုင်
# တနင်္သာရီတိုင်းဒေသကြီး

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ - ၂၀၂၂)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
စပူပြင်ကျေးရွာ၊ ပုလောမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၉ပြည့်နှစ်၊ မတ်လ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **စကားချီး** | |
| | **စပူပြင်ကျေးရွာ သယံဇာတပြမြေပုံ၊ ပုလောမြို့နယ်** | |
| **၁။** | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | |
| **၂။** | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | |
| **၃။** | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | |
| **၄။** | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | |
| | (က) သီးနှံ စိုက်ပျိုးရေး | |
| | (ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း | |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | |
| **၅။** | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | |
| | (ခ) ကျေးရွာ မီးလင်းရေး | |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | |
| **၆။** | **ပညာရေး** | |
| **၇။** | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | |
| **၈။** | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | |
| **၉။** | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | |
| **၁၀။** | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | |
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | |
| | **နောက်ဆက်တွဲ (၃)** ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | |
| | **နောက်ဆက်တွဲ (၄)** ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | |
| | **နောက်ဆက်တွဲ (၅)** ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | |
| | **နောက်ဆက်တွဲ (၆)** ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ ကျေးရွာ၏ လူထုအများစုပေါင်းပါဝင် ရေးဆွဲထားသည့် ၂၀၁၈/၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၀၂၃ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို

ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာစသည် တို့ကို အဓိကထား ဖော်ပြထားပါသည်။

**မတ်လ၊ ၂၀၁၉**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**
**စပူပြင်ကျေးရွာ**
**ပုလောမြို့နယ်**

## စပူပြင်ကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ပုလောမြို့နယ်



## စပူပြင်ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်

| အဖြစ်အပျက်များ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု | ပူပြင်း၊မိုးနည်း | မိုးများ | မိုးများ | မိုးများ | မိုးများ | မိုးအသင့်တင့် /နေပူ | ဆောင်း၊မိုးမရွာ နေပူ | ဆောင်း၊မိုးမရွာ နေပူ | ဆောင်း၊မိုးမရွာ | ပူပြင်း ခြောက်သွေ့ | ပူပြင်း ခြောက်သွေ့ | ပူပြင်း ခြောက်သွေ့ | |
| အလုပ်အကိုင် | စပါး၊ ဥယျာဉ် | စပါး၊ ဥယျာဉ် | စပါး၊ ဥယျာဉ် | စပါး၊ ဥယျာဉ် | စပါး၊ ဥယျာဉ် | စပါး၊ ဥယျာဉ် | ငါး၊ဖမ်း၊ဥယျာဉ် | ငါး၊ဖမ်း၊ဥယျာဉ် | ငါး၊ဖမ်း၊ဥယျာဉ် | ငါး၊ဖမ်း၊ဥယျာဉ် | ငါး၊ဖမ်း၊ဥယျာဉ် | ငါး၊ဖမ်း၊ဥယျာဉ် | |
| လက်လုပ်လက်စားမိသားစုဝင်ငွေရရှိမှု | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | |
| အသုံးစရိတ် | သင့် | နည်း | နည်း | နည်း | သင့် | သင့် | များ | များ | များ | များ | များ | များ | |
| ချေးငွေလိုအပ်မှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | |
| ဝမ်းစာဖူလုံမှု | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | |
| သောက်သုံးရေရရှိမှု | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | |
| တိရစ္ဆာန်ရောဂါကျရောက်မှု | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | |
| ကျန်းမာရေး(ဖျားနာခြင်း) | မရှိ | သင့် | သင့် | သင့် | သင့် | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | |
| သီးနှံရောဂါကျရောက်မှု | မရှိ | မရှိ | သင့် | သင့် | သင့် | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | |
| ပွဲတော်များ | သင်္ကြန် | ရေသွန်းပွဲ | မရှိ | မရှိ | မရှိ | မရှိ | မီးထွန်းပွဲ | ကထိန်ပွဲ | မရှိ | မရှိ | မရှိ | မရှိ | |
| သဘာဝဘေး အန္တရာယ်ကျရောက်မှု | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | |

## စပူပြင်ကျေးရွာ အဖွဲ့အစည်းချိတ်ဆက်မှု အခြေအနေ




## စပူပြင်ကျေးရွာ ဥစ္စာဓနအ ဆင့် သတ်မှတ်မှုအခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| **အိမ်ထောင်စု** | ၂၅ | ၅၀ | ၆၀ | ၃၄ |

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

စပူပြင်ကျေးရွာသည် တောင်ယာကမ်းကျေးရွာအုပ်စု၊ ပုလောမြို့နယ်တွင် ပါဝင်ပါသည်။ မြောက်လတ္တီတွဒ် ၁၃ဒီဂရီ၊ ဝမိနစ်၊ ၄၀စက္ကန့်နှင့် အရှေ့လောင်ဂျီတွဒ် ၉၈ဒီဂရီ ၃၉မိနစ်၊ ဝစက္ကန့်ကြားတွင် တည်ရှိပါသည်။ စပူပြင်ကျေးရွာသည် မြိတ်-ထားဝယ် ကားလမ်းမကြီး ပေါ်တွင် တည်ရှိပြီး အရှေ့ ဘက်တွင် စစ်ပြင်ကြီးကျေးရွာ၊ အနောက်ဘက်တွင် အထက်ပေါင်း ကျေးရွာ၊ မြောက်ဘက်တွင် ပုလောကုန်းကျေးရွာ၊ တောင်ဘက်တွင် သက်န်းမော်ကျေးရွာတို့နှင့် ဆက်စပ်နေပါသည်။ ခရီးသွားလာရေးမှာ ကုန်းလမ်းကိုသာ အသုံးပြု ကြပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

စပူပြင်ကျေးရွာသည် ပူနွေးစွတ်စိုသော ရာသီဥတုရှိပြီး၊ အမြင့်ဆုံးအပူချိန် (၂၉.၅) ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်မှာ (၁၆.၅) ဒီဂရီစင်တီဂရိတ် ဖြစ်ပါသည်။ စပူပြင် ကျေးရွာ၏ အမြင့်ဆုံးမိုးရေချိန်မှာ (၁၈၀.၁၀) လက်မဖြစ်ပြီး၊ အနိမ့်ဆုံးမိုးရေချိန် မှာ (၆၀.၃၀) လက်မဖြစ်ပါသည်။ စပူပြင်ကျေးရွာတွင် ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်း အမြစ်များ မထွက်ရှိဘဲ အခြေခံအဆောက်အဦများအတွက် လိုအပ်သော သဲ၊ ကျောက် နှင့် ကျောက်စရစ်များအား အနည်းငယ်ထွက်ရှိပါသည်။ သဘာဝအပင်မျိုး စိတ်များ မှာ (ဂျာမနီ၊ ဆေးခါးကြီး၊ဆင်နှာခေါင်း ၊ကြိတ်မှန်းရွက်)များ ရရှိနေပါသည်။ သဘာဝမျိုးစိတ်များမှာ ယခင်က ထက် မတွေ့မြင်ရတော့ပါ။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

စပူပြင်ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၆၉) အိမ်ရှိပြီး လူဦးရေပေါင်း (၇၄၉) ဦး ရှိပါသည်။ စပူပြင်ကျေးရွာတွင် ဖွံ့ဖြိုးရေးပိုင်းအနေဖြင့် တိုးတက်မှု အသင့်အတင့် ရှိနေသော ရွာတစ်ရွာပင်ဖြစ်ပါသည်။ စပူပြင်ကျေးရွာတွင် ကျေးရွာ၏ လူမှုရေး၊ အုပ်ချုပ်ရေး၊ သာသနာရေး ရာများ ဆောင်ရွက်ရန် ဖွဲ့စည်းထားသော အဖွဲ့အစည်း (၆) ခုရှိပြီး ပရဟိတအဖွဲ့မှ ကျေးရွာ၏ လူမှုရေးလုပ်ငန်းများအား အဓိက ဆောင်ရွက်နေကြပါသည်။ ကျေးရွာအုပ်ချုပ် ရေးအဖွဲ့မှ ကျန်းမာ ရေး၊ ဘာသာရေး၊ လူမှုဖွံ့ဖြိုးရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေးစသည့် ကဏ္ဍများတွင် ဦးဆောင် ဦးရွက်ပြုလုပ်ဆောင်ပြီး သာရေးနာရေးအဖွဲ့အတွက် ကာလသား/ သမီးအဖွဲ့နှင့် အိမ်ထောင်ငယ် အဖွဲ့မှ ဆောင်ရွက်လျှက်ရှိပါသည်။ ပညာရေးအတွက်ကျောင်းအကျိုး တော်ဆောင်အဖွဲ့နှင့် မိဘများ ၊ဆရာ/ဆရာမများ ပူးပေါင်း ဆောင်ရွက်နေကြပါသည်။

စပူပြင်ကျေးရွာ၏ ပြင်ပအဖွဲ့အစည်းများဖြစ်သော **World vision, vision Fund** တို့မှ ငွေကြေးများချေးယူရရှိပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

စပူပြင်ကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၁၀၀) ဧက၊ ဥယျာဉ်ခြံမြေ (၁၅၀၀) ဧက၊စားကျက်မြေ(၂၀)ဧက၊ မြေလွတ်မြေရိုင်း(၁၀)ဧက စုစုပေါင်း (၁၆၃၀)ဧက ရှိပါသည်။ ၂.၅ ဧကအောက် ဆင်းရဲသားတောင်သူ (၆) အိမ်ထောင်စု၊ ၂.၅ ဧကမှ ၅ ဧကကြား တောင်သူငယ် (၄) အိမ်ထောင်စု၊ ၅ ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ် (၃၀) အိမ်ထောင်စု၊ ၁၂.၅ ဧကအထက် တောင်သူကြီး (၁၀၀) အိမ်ထောင်စု စသည်တို့ ရှိကြပြီး အဓိကအားဖြင့် စပါးသီးနှံနှင့် ဥယျာဉ်ခြံသီးနှံများကို အားထား စိုက်ပျိုးကြပါသည်။ မြေယာမဲ့ အိမ်ထောင်စု (၂၉) ရှိပြီး အများစုသည် နေ့စားကျပန်းနှင့် ပြည်ပတွင် သွားရောက် လုပ်ကိုင်နေကြပါသည်။

စပူပြင်ကျေးရွာတွင် စပါးစိုက်ပျိုး ထုတ်လုပ်မှုတွင် မိုးရေကို အဓိကအားထား စိုက်ပျိုးသော်လည်း ရေမြေရာသီဥတု အနေအထားအပေါ် မူတည်၍ အထွက်နှုန်း အနည်းငယ် အပြောင်းအလဲ ရှိနိုင်ပါသည်။ အထွက်နှုန်းတိုးမြင့်ရန်နှင့် အရည်အသွေးကောင်း စပါးထွက်ကုန်များ ရရှိနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ကာ လိုအပ်သော မျိုးကောင်းမျိုးသန့်များ၊ နည်းပညာပံ့ပိုးမှုများ ရရှိအသုံးပြုနိုင်ခြင်း၊ သွင်းအားစုများ ထည့်သွင်းရန် အလွယ်တကူ ဝယ်ယူရရှိနိုင်ခြင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေရရှိနိုင်ခြင်းစသည့် အခွင့်အလမ်းများက စပါး တိုးမြှင့် ထုတ်လုပ်နိုင်ရန် အခြေအနေကောင်းများ ဖြစ်ပါသည်။

စပူပြင်ကျေးရွာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ လိုအပ်သော မျိုးကောင်းမျိုးသန့်များ၊ ပိုးမွှားရောဂါ ကာကွယ်ရေး နည်းပညာဆိုင်ရာ ဟောပြော ဆွေးနွေးပွဲများ ချိတ်ဆက်ပြုလုပ်ရန် လိုအပ်နေပါသည်။ လယ်နှင့် ရော်ဘာခြံ လုပ်ငန်းခွင်များတွင် ကျွမ်းကျင်လုပ်သားများ ရရှိရန် အခွင့်အလမ်းနည်းပါးပြီး အများစုမှာ ပြည်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်နေကြပါသည်။ ချေးငွေပြန်ဆပ်သည့်ကာလတွင် စပါးဈေးနှုန်း နည်းသောကြောင့် ဈေးကွက်ထိန်းချုပ်ညှိနှိုင်းမှုများ လိုအပ်နေပါသည်။ ရော်ဘာဈေးနှုန်းမှာ နည်းလွန်းသောကြောင့် ဈေးကွက်ဆိုင်ရာ လိုအပ်သော အရည်အသွေးများရရှိရန် စုပေါင်း တိုင်ပင်မှုများ လိုအပ်နေပါသည်။

စပူပြင်ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှုမှာ စိုက်ကေနှင့် နှိုင်းစာလျှင် နည်းပါးပြီး၊ အချို့မှာ ငှားရမ်းလုပ်ကိုင်ကြပါသည်။ အချို့မှာ မိမိကိုယ်ပိုင် ကျွဲ/နွားများဖြင့် ထွန်ယက်လုပ်ကိုင်ကြပါသည်။ ရိတ်သိမ်းစက်၊ ခြွေလှေ့စက်များ မရှိသောကြောင့် လယ်သမားများလွန်စွာ အခက်အခဲရှိနေကြပါသည်။

**(ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း**

မိန်းမမြို့ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၂၃ အိမ်ရှိပြီး နွားကောင် ရေ (၁၂၅) ကောင်၊ ဝက်မွေးမြူသည့် အိမ်ထောင်စု (၈) အိမ်မှ (၁၅) ကောင်၊ ကြက်မွေ မြူ သည့် အိမ်ထောင်စု (၈၀) အိမ်မှ (၄၀၀) ကောင် စသည်ဖြင့် စီးပွားဖြစ်မွေးမြူသည့် အိမ်ထောင်စု (၂)စု ရှိပါသည်။ အများစုမှာ တစ်ပိုင်တစ်နိုင် မွေးမြူသည့် အိမ်ထောင်စုများ ဖြစ်ကြ ပါသည်။ စပူပြင်ကျေးရွာတွင် စားကျက်မြေ အသင့်အတင့်ရှိခြင်း၊ မျိုး ကောင်းမျိုးသန့်များ ဝယ်ယူရန် လက်လှမ်းမီခြင်း၊ ဈေးငွေ အသင့်အတင့် ရရှိနိုင်ခြင်း၊ သွင်းအားစု များ အလွယ်တကူဝယ်ယူနိုင်ခြင်းများရှိသော်လည်း အိမ်ထောင်စုများမှာ စိုက်ပျိုးရေးကိုသာ အဓိက ထားပြုလုပ်ကြပါသည်။စပူပြင်ကျေးရွာတွင် စိုက်ပျိုးရေးကိုသာ အဓိကထားပြုလုပ်သူများဖြစ် ကြသဖြင့် မွေးမြူရေး နှင့်သက်ဆိုင်သော ပြဿနာအခက်အခဲများမရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

စပူပြင်ကျေးရွာတွင် လုပ်သားအင်အားရရှိမှုမှာ အသင့်အတင့်၊ ဈေးကွက် ဆိုင်ရာ အသိအမြင်ဆိုင်ရာအသင့်အတင့်၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊ အလုပ်နှင့် လိုက်လျော ညီထွေဖြစ်သော(သို့)အသက်မွေးဝမ်းကျောင်းပြုနိုင်သော ပညာတစ်ခုခုကို တတ်မြောက်မှု အသင့်အတင့်၊ အလုပ်အကိုင်အခွင့်အလမ်းများအသင့်အတင့်ရှိသော်လည်း လျှပ်စစ်မီးရရှိမှုအခွင့် အလမ်းမှာ နည်းပါးပါသည်။

စပူပြင်ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး မဟုတ်သော အသက်မွေး လုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်းနည်းပညာနှင့် အသေးစား၊ အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဝန်ဆောင်မှုများမရှိခြင်း၊ အလုပ်နှင့် လိုက်လျောညီထွေဖြစ်သော အတတ်ပညာများကျွမ်းကျင်စွာ ဝန်ဆောင်မှုများမရှိခြင်းတို့ကြောင့် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးသဖြင့် အခြားဒေသများနှင့် နိုင်ငံခြားတို့တွင် လုပ်ကိုင်သူဦးရေများပြားသဖြင့် လုပ်သားအင်အားရှားပါးပါသည်။

### (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

စပူပြင်ကျေးရွာတွင်လယ်စိုက်ပျိုးသူများသည် သီးနှံထွက်ရှိချိန်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ ပြန်လည် ပေးဆပ်ရသည့် ချေးငွေကို ရရှိပါသည်။ သို့သော်လည်း ချေးငွေကာလတိုပြီး လုံလောက်သော ချေးငွေများ မရသည်ကလည်း လုပ်ငန်းတိုးချဲ့နိုင်ရန်အတွက် ကြန့်ကြာမှုများ ဖြစ် နေသဖြင့် ကာလရှည်ချေးငွေများ ရရှိလိုကြပါသည်။ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေး ဘဏ်တွင်ငွေချေးသူ(၁၇) ဦးရှိပါသည်။စိုက်/ဘဏ်ချေးငွေသည် (၁)ကေလျှင် (၁၅၀၀၀၀)နှုန်းသာ ရရှိပြီး (၁)ကေ စိုက်ပျိုးရေးကုန်ကျစရိတ်အပြီးအစီးမှာ (၂၀၀၀၀၀)ခန့်ကုန်ကျပါသည်။ထို့အပြင် ချေးငွေပြန်ဆပ်ရမည့်ကာလဖြစ်ပါက စိတ်ကြိုက်စျေးနှုန်းမရရှိဘဲ ရောင်းချရခြင်း ၊အခြားမှ ငွေချေးယူ၍ ပြန်ဆပ်ရသည့် အခက်အခဲများ ကြုံရသဖြင့် ကာလရှည်ချေးငွေများ ရရှိရန် လိုအပ် နေပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

မိန်းမမြို့ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် စက်ဘီးမှာ ကျောင်းသား/ သူများ သွားလာရေးအတွက် အသုံးပြု၍ မော်တော်ဆိုင်ကယ်မှာ အချို့သော သွားလာရေးကိစ္စနှင့် စီးပွားရေးကိစ္စတွင် အသုံးပြုကြ ပါသည်။ လှေ၊ စက်လှေ (၂၀) စီးရှိပြီး ငါးဖမ်းလုပ်ငန်းအတွက် အဓိက အသုံးချလုပ်ဆောင်ကြပါသည်။ ဆိုင်ကယ်စီးရေမှာ (၉၀) စီး ရှိပါသည်။ ထော်လာဂျီ (၂) စီးရှိပြီး ရွာ၏သယ်ယူပို့ဆောင်ရေးတွင် ၎င်းတို့အား အဓိက အသုံးပြုကြပါသည်။ မိန်းမမြို့ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးအတွက် မော်တော်ဆိုင်ကယ်ကိုသာ အဓိကထား အသုံးပြုကြပါသည်။တချို့အိမ်ထောင်စုများမှာ ဆိုင်ကယ်မပိုင်ဆိုင်ခြင်းမရှိသောကြောင့်အရေးပေါ်ပြဿနာဖြစ်ပါက အခက်အခဲများ ကြုံရပါသည်။

စပူပြင်ကျေးရွာသည် မြိတ်–ထားဝယ်ကားလမ်းမပေါ်တွင် တည်ရှိပါသည်။ ကျေးရွာတွင်းဘုန်းကြီးကျောင်းအရှေ့လမ်း(၆၆၀'–၁၂'–၆")မှာ မိုးရာသီတွင် ရေကျော် သဖြင့် ကျောင်းသူ/သားများ သွားလာရခက်ခဲခြင်း၊ ရဟန်းသံဃာများ ဆွမ်းခံကြွ ခက်ခဲခြင်းတို့ကြောင့် ပထမဦးစားပေးအနေဖြင့် ပြုလုပ်ရန် လိုအပ်နေပါသည်။ကျေးရွာတွင်းလမ်း(၀/၄)မိုင်နှင့် ကွမ်းပင် အော်လမ်း(၀/၄)မိုင်တို့မှာ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြင့်တင်ရန်လိုအပ်နေပါသည်။

စပူပြင်ကျေးရွာတွင် ကွန်ကရစ်တံတား(၄)စင်း ရှိပါသည်။ ရေပြွန်အစင်း (၃၀)စင်း

ရှိပြီး ရေပြွန်(၂၅)စင်းကောင်းပြီး ပြုပြင်ရန် (၅)စင်း အထူးပြုပြင်ရန် လိုအပ်လျှက် ရှိပါ သည်။

**(ခ) ကျေးရွာ မီးလင်းရေး**

စပူပြင်ကျေးရွာတွင် အိမ်ထောင်စုအများစုမှာ မဟာဓာတ်အားလိုင်း နှင့် ချိတ်ဆက်မှုရှိပြီး၊ကိုယ်ပိုင်မီးစက်သုံးစွဲသည့်အိမ်ထောင်စု(၁၀)အိမ်အသုံးပြု၍ အချို့အိမ်ထောင်စုများမှာ အိမ်သုံးဆိုလာပြားများဖြင့် မီးလင်းရေးလုပ်ဆောင် ကြပါသည်။ စီးပွားရေးမပြေလည်သော အိမ်ထောင်စုများမှာ မီးခွက်၊ ဖယောင်းတိုင်များဖြင့် အသုံးပြုကြပါသည်။

**(ဂ) သတင်းနှင့် ဆက်သွယ်ရေး**

မိန်းမမြို့ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၃၀၀) လုံး၊ ရေဒီယို (၁၂) လုံး၊ တီဗွီ (၁၂၀) လုံး၊ ဂြိုလ်တုစလောင်း (၁၂၀) လုံး စသည်တို့မှ ရရှိပါသည်။ကျေးရွာ၏ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ အခြေအနေများမှာ အိမ်တိုင်းစေ့နီးပါး တီဗွီ ၊ရေဒီယိုများ မှတဆင့် သတင်းအချက်အလက်များ ရရှိနေပါသည်။ ဖုန်းလိုင်းအား သစ်လှတောဖုန်းတာဝါတိုင်မှ လိုင်းအနည်းငယ်မိပါသည်။

**၆။ ပညာရေး**

စပူပြင်ကျေးရွာတွင် စာမတတ်သူ မရှိပေ။ ကျေးရွာလူဦးရေ၏ (၂.၁၇**%**) မှာ မူလတန်း အဆင့် ပညာရေးသာ ပြီးမြောက်မှု ရှိကြပြီး၊ အလယ်တန်းအဆင့်အထိ တတ်မြောက်သူ (၈၅.၄၇**%**)၊ အထက်တန်းအဆင့် တတ်မြောက်သူ (၆.၂၉**%**)၊ တက္ကသိုလ်/ကောလိပ်အဆင့်ရှိသူ ဦးရေမှာလည်း(၅.၀၅**%**) အထိ ရှိပြီး အတန်းပညာ တတ်မြောက်မှု တိုးတက်လာသောကြောင့် အနာဂတ်ကာလ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူ့စွမ်းအား အရင်းအမြစ်ကောင်းများ ဖြစ်လာကြပါမည်။ကျေးရွာပိုင် မူလတန်းကျောင်းတွင် မူလတန်းအဆင့် ပညာရေးကို သင်ကြားနိုင်ပြီး အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ပညာရေးကို (၃) မိုင်ခန့် သာဝေးသော တောင်ယာကမ်းကျေးရွာရှိ အလယ်တန်းကျောင်းသို့ သွားရောက်သင်ကြားရပါသည်။

စပူပြင်ကျေးရွာတွင် အခြေခံပညာ မူလတန်းကျောင်းရှိ၍ မူလတန်း ပညာ သင်ကြားရသော ကလေးများအတွက် အဆင်ပြေစွာ ကျောင်းတက်နိုင်ပြီး ဆရာ/မ (၇) ဦးမှ ပညာသင်ကြားပေးနေပါသည်။ မူကြိုကျောင်းဆောင်(၆၀' x ၃၀') မှာ မျက်နှာကျက် ပြုပြင်ရန်နှင့် ကျောင်းတွင်း ပရိဘောဂများနှင့် စာရေးထိုင်ခုံများလည်း လိုအပ်ပါသည်။ ကျောင်းအား

ကစားဆောင်(၁၅'-၁၂') ဆောက်လုပ်ရန် လိုအပ်လျှက်ရှိပါသည်။ ကျောင်းတွင် အမှိုက်မီးရှို့ရန်အတွက် ကွန်ကရစ်ငွေ (၃)ခွေ ပြုလုပ်ခြင်းနှင့် အင်ဗာတာ(၈)လုံး တပ်ဆင်ရန် လိုအပ်နေပါသည်။ ကျောင်းသူ/သားများသည် ရေကို ရေတွင်းမှ ခပ်ယူသုံးစွဲရသဖြင့် နွေရာသီရေရှားပါးချိန်တွင် အခက်အခဲအနည်းငယ်ရှိပါသည်။ ကျောင်းအာဟာရ တိုက်ကျွေးမှုမှာလည်း တခါတရံ ပြုလုပ်လျှက် ရှိပါသည်။ကျောင်းခြံစည်းရိုးများ ပြုပြင်ရန် လိုအပ်နေပါသည်။ အိမ်သာမှာ (၄)ခန်းတွဲ(၁)လုံး၊ (၂)ခန်းတွဲ(၁)လုံးရှိပါသဖြင့် ကျောင်းသားဦးရေဖြင့် လုံလောက်မှု ရှိပါသည်။

မူလတန်းကျောင်းတွင် ဆရာ/ဆရာမလုံလောက်ပြီး ကျောင်းထွက်နှုန်း အနည်းငယ်ရှိပါသည်။ ဆင်းရဲသော မိသားစုများတွင်သာ ကျောင်းစရိတ် မတတ်နိုင်သည့် အခက် အခဲ အနည်းငယ်ရှိပြီး စာသင်ကျောင်းတွင် အားကစားနှင့် ပတ်သက်သည့် ပံ့ပိုးပစ္စည်းများ လုံလောက်မှုမရှိပေ။ ကျောင်းအကျိုးတော်ဆောင်အသင်းမှာလည်း ပညာရေးကဏ္ဍအတွက် ပံ့ပိုးလုပ်ဆောင်မှု အသင့်အတင့်သာ ရှိပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

သုခကျေးလက်ကျန်းမာရေးဌာနခွဲမှ ဆရာမများမှ ကာကွယ်ဆေးများအား ကျေးရွာအရောက် နှစ်စဉ်နှစ်တိုင်း လိုအပ်သည့် ကာကွယ်ဆေးများအား လာရောက်ထိုးပေးလျှက် ရှိပါသည်။ စပူပြင်ကျေးရွာနှင့် (၃)မိုင်ခန့်ဝေးသော တောင်ယာကမ်းကျေးရွာရှိ ကျေးလက်ကျန်းမာ ရေးဌာနတွင် ကလေးမီးဖွားခြင်းနှင့် သာမန်ရောဂါများကို ကုသနိုင်ပါသည်။ အရေးပေါ်လူနာများကို ပုလောမြို့နယ်ပြည်သူ့ဆေးရုံ ကုသကြ ပါသည်။ လမ်းခရီး အဆင်ပြေသဖြင့် ကျန်းမာရေးဆိုင်ရာ အခက်အခဲများ အထူးတလည် မရှိပါ

စပူပြင်ကျေးရွာတွင် သောက်သုံးရေအတွက် လက်တူးတွင်းများမှ အဓိကရယူနေကြပါသည်။ အိမ်တိုင်ရာရောက်ရေသွယ်တန်းခြင်းဖြင့်လူနေမှု အဆင့်အတန်းမြှင့်မားလာစေရန်နှင့် မီးဘေးအန္တရာယ်ကျရောက်ပါက တုံ့ပြန်မှုမြန်ဆန်စေရန် စိမ့်စမ်းရေသွယ်တန်းရန် လိုအပ်လျှက်ရှိပါသည်။

စပူပြင်ကျေးရွာတွင် ရေလောင်း/ယင်လုံအိမ်သာများအားလုံးကို အသုံးပြုကြပါသည်။ အိမ်သာမရှိသည့်အိမ်ထောင်စုများမှာ အသိပညာဗဟုသုတမရှိခြင်းနှင့် အိမ်သာဆောက်လုပ်ရန် ငွေကြေး မတတ်နိုင်သောကြောင့် ကြုံရာအသုံးပြုကြပါသည်။

## ၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

စပူပြင်ကျေးရွာတွင်ဖျက်ပိုးကျရောက်မှု အသင့်အတင့်သာရှိ သော်လည်း နည်းပညာ ပံ့ပိုးပေးနိုင်သည့် စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက် မည်ဆိုပါက သီးနှံ ဖျက်ပိုးနှင့် ပတ်သက်၍ အခက်အခဲများ လျော့နည်းနိုင်ပါသည်။ ထို့အပြင် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုစနစ်မှာလည်း အားနည်းနေသည်ဖြစ်ရာ စနစ်တကျ စွန့်ပစ်ခြင်း၊ အမျိုးအစား အလိုက် ပြန်လည် အသုံးချခြင်းစသည့်စနစ်များအား ဦးဆောင်ဦးရွက်ပြုနိုင်မည့် ကျေးရွာ တွင်း အဖွဲ့အစည်း သို့မဟုတ် ကျေးရွာပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ကျေးရွာစွန့်ပစ် အမှိုက်စနစ်တကျစီမံခန့်ခွဲနိုင်ရေးစီမံချက်လုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်နေပါသည်။

## ၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

စပူပြင်ကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှု အားနည်းပြီး ကျေးရွာဖွံ့ဖြိုးမှုလုပ်ငန်းများလုပ်ဆောင်ရာတွင် အမျိုးသမီးများတက်ကြွစွာပါဝင်ဆောင်ရွက် နေကြပါသည်။ အမျိုးသမီး အကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများ အားနည်းကြပါသဖြင့် အသိပညာ ပေး ဟောပြောပွဲများ ပြုလုပ်ရန် လိုအပ်နေပါသည်။

## ၁၀။ တောင်ယာကမ်းကျေးရွာအုပ်စု၊ စပူပြင်ကျေးရွာ  ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဦးစားပေးစီမံချက်များ

| No. | Sector | Subsector | Project & Activities | Project Priority |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | ကဏ္ဍခွဲ | စီမံချက်နှင့်လုပ်ငန်းစဉ်များ | ဦးစားပေးအဆင့် |
| ၁ | အခြေခံအဆောက်အဦ | ကျေးလက် လမ်း၊ ရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခြင်း | ဘုန်းကြီးကျောင်းအရှေ့လမ်း (၇၂၀'-၁၀'-၆") ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း | ပထမ |
| ၂ | အခြေခံအဆောက်အဦ | ကျေးလက် လမ်း၊ ရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခြင်း | ကွမ်းပင်အော်လမ်း(၀/၄)မိုင် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း | ဒုတိယ |
| ၃ | ငွေကြေး | ရပ်ရွာအခြေပြုငွေကြေးဝန်ဆောင်မှု | အတိုးနှုန်းသက်သာသော ချေးငွေရရှိရန် ချိတ်ဆက် ဆောင်ရွက်ခြင်း | တတိယ |
| ၄ | အခြေခံအဆောက်အဦ | ကျေးလက် လမ်း၊ ရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခြင်း | ရွာတွင်းလမ်း(၀/၄)မိုင်ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း | |
| ၅ | အခြေခံအဆောက်အဦ | ကျေးလက် လမ်း၊ ရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခြင်း | ရေပြွန်(၅)စင်း ပြုပြင်ရန် လိုအပ်ခြင်း | |
| ၆ | ပညာရေး | အခြေခံ ပညာရေး ဆိုင်ရာ | ကျောင်းခြံစည်းရိုး ကာရံခြင်း | |
| ၇ | ပညာရေး | အခြေခံ ပညာရေး ဆိုင်ရာ | ကျောင်းအားကစားဆောင်(၁၅'-၁၂')ဆောက်လုပ်ခြင်း | |
| ၈ | ပညာရေး | အခြေခံ ပညာရေး ဆိုင်ရာ | မူကြိုကျောင်းဆောင် (၆၀'-၃၀') မျက်နှာကျက် ပြုပြင်ခြင်း | |
| ၉ | ပညာရေး | အခြေခံ ပညာရေး ဆိုင်ရာ | အမှိုက်မီးရှို့ရန်အတွက် ကွန်ကရစ်ဝှေ(၃)ခွေနှင့် အင်ဗာတာ(၈)လုံး တပ်ဆင်ခြင်း | |
| ၁၀ | ပညာရေး | အခြေခံ ပညာရေး ဆိုင်ရာ | ကျောင်းသုံးပရိဘောဂများ ဝယ်ယူဖြည့်တင်းခြင်း | |
| ၁၁ | အခြေခံအဆောက်အဦ | ကျေးလက် ရေပေးဝေရေး | စိမ့်စမ်းရေသွယ်တန်းခြင်း(၃/၀)မိုင် | |

| | | | | |
|---|---|---|---|---|
| ၁၂ | လူငယ်နှင့်အားကစား | လူငယ်အခွင့်အရေး | ကျေးရွာစာကြည့်တိုက် တည်ဆောက်ခြင်း | |
| ၁၃ | လူငယ်နှင့်အားကစား | လူငယ်အခွင့်အရေး | အမျိုးသမီးများအား  တရားဥပဒေဆိုင်ရာ အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း။ | |
| ၁၄ | လူငယ်နှင့်အားကစား | လူငယ်အခွင့်အရေး | အဖွဲ့ငယ်များအား စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှုသင်တန်းများ ဖွင့်လှစ်ခြင်း | |
| ၁၅ | လူငယ်နှင့်အားကစား | လူငယ်အခွင့်အရေး | ကျေးရွာအားကစားကွင်း ပေါ်ပေါက်လာစေရန် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောက်ရွက်ခြင်း | |
| ၁၆ | ကျန်းမာရေး | ကျန်းမာရေးအသိပညာပေး | ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ခြင်း | |
| ၁၇ | စိုက်ပျိုးရေး | စိုက်ပျိုးရေး နည်းပညာ | စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးဟောပြောပွဲများ ပြုလုပ်ပေးခြင်း | |
| ၁၈ | စိုက်ပျိုးရေး | မြေ | ချောင်းကောမြောင်းကောများ တူးဖော်ခြင်း(၁.၅) မိုင် | |
| ၁၉ | အခြေခံအဆောက်အဦ | အသိပညာပေးဆွေးနွေးပွဲ | အမှိုက်စွန့်ပစ်ရေးစနစ်ကျစေရန် အသိပညာပေးလုပ်ဆောင်ခြင်း | |

နောက်ဆက်တွဲ(၁)

**စပယ်ပြင်ကျေးရွာ၊ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ကော်မတီအဖွဲ့ဝင်များစာရင်း**

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | **ဦးသိန်းနိုင်** | ဦးပုလု | ၆/ပလန(နိုင်) ဝ၆၇၇၇၄ | ၆၃ | နာယက | ဝ၉၄၅၁၂၄၈ဝ၈ဝ |
| ၂ | **ဒေါ်ရီငွေး** | **ဦးဖေမောင်** | - | ၅၂ | ရပ်မိရပ်ဖ | ဝ၉၄၄ဝ၃၆၁၉၄၄ |
| ၃ | ဦးမြဇော် | ဦးအောင်ရှိ | ၆/ပလန(နိုင်) ဝဝ၁၁၂၃ | ၆၁ | ဥက္ကဋ္ဌ | ဝ၉၄၉၈၅ဝ၄၃၄ |
| ၄ | ဦးမောင်သိန်း | ဦးသောင်းရွှေ | ၆/ပလန(နိုင်) ဝဝ၅၈၈၂ | ၆၁ | အတွင်းရေးမှူး | ဝ၉၄၅၇၄၈၅၁၈၈ |
| ၅ | ဒေါ်သန်းငွေး | ဦးဘ | - | ၅၁ | ဘဏ္ဍာရေးမှူး | - |
| ၆ | ဦးဇော်မင်းဦး | ဦးကျော်ဝင်း | ၆/ပလန(နိုင်) ဝ၄၃၈၆၄ | ၄၅ | စာရင်းကိုင် | - |
| ၇ | ဦးကျော်ငွေ | ဦးကြည်ဖေ | ၆/ပလန(နိုင်)ဝဝ၈၈ဝ၇ | ၆၈ | စာရင်းစစ် | ဝ၉၄၅၂၆၉၂ဝ၈၁ |
| ၈ | ဦးသန်းစိုး | ဦးမြဝင်း | - | ၃၄ | အဖွဲ့ဝင် | - |
| ၉ | ဒေါ်စန်းစန်းသီ | ဦးတင့်လှိုင် | ၆/ပလန(နိုင်)ဝ၁၃၃၉၆ | ၅ဝ | အဖွဲ့ဝင် | ဝ၉၇၃ဝ၃၄၈၄၃ |
| ၁ဝ | ဒေါ်စန်းစန်းယု | ဦးဉာဏ်ထွန်း | - | ၅၃ | အဖွဲ့ဝင် | - |
| ၁၁ | ဦးကျော်လွင် | ဦးလေး | - | ၅၁ | အဖွဲ့ဝင် | ဝ၉၄၂၃၅၂၆၉ဝ၉ |

| | | | | | | |
|---|---|---|---|---|---|---|
| ၁၂ | ဒေါ်မတင့် | ဦးဝင်းစိန် | - | ၅၀ | အဖွဲ့ဝင် | ၀၉၄၅၄၃၉၁၇၇၄ |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၃ | ၃ | ၆ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၃၅ | ၂၈ | ၆၃ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၃၉ | ၂၀ | ၅၉ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၃၁ | ၃၇ | ၆၈ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၅၃ | ၂၆၀ | ၅၁၃ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၂၁ | ၁၉ | ၄၀ |
| စုစုပေါင်း | | ၃၈၂ | ၃၆၇ | ၇၄၉ |
| စုစုပေါင်း အိမ်ထောင်စု | | ၁၆၉ | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ စပူပြင်ကျေးရွာတွင် အဓိကအားဖြင့် မြန်မာလူမျိုးများ နေထိုင်ကြပြီး အိမ်ထောင်စု (၁၆၉) စု၊ လူဦးရေ (၇၄၉) ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၀.၈%)၊ ငါးနှစ်အောက် ကလေးငယ်အရွယ် (၈.၄၁ %)၊ မူလတန်းကျောင်းသားအရွယ် (၇.၈၇ %)၊ အလယ်တန်းကျောင်းသား အရွယ် (၉.၀၇%)၊ အလုပ်လုပ်နိုင်သည့်အရွယ် (၆၈.၄၉%) ၊သက်ကြီးရွယ်ကြီး (၅.၃) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၂၇.၈၂)% ရှိပြီး အလုပ်လုပ်နိုင်သည့်အရွယ် ကျား (၂၅၃) ဦး၊ မ (၂၆၀) ဦး စုစုပေါင်း (၅၁၃) ဦးရှိပြီး တစ်ရွာ လုံးလူဦးရေ၏ (၆၈.၄၉)% ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၄.၄) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းထက် လျှော့နည်းနေပါ သည်။ ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေ နည်းပါးမှုကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် လူသားအရင်း အမြစ်ကောင်းများအဖြစ် ထောက်ပံ့မှုပေးနိုင်မှု အားနည်းပါသည်။

**(ခ) အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၀ | ၅၀ | ၁၀ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | ၂၀ | ၂၅ | | မြင့်☐လတ်☐နိမ့်☑ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၃ | ၈၀ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၀ | ၁၂ | - | မြင့်☐လတ်☐နိမ့်☑ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၅ | ၁၀ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀ | ၁၅ | ၁၀ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | ၁ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | ၁ | မြင့်☐လတ်☐နိမ့်☑ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | ၅ | ၃ | မြင့်☐လတ်☐နိမ့်☑ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၈၇ | ၁၁၁ | ၁၅၀ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | **စုစုပေါင်း** | **၁၆၉** | **၂၂၆** | **၂၆၅** | ☒ |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများ အတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။ စပူပြင်ကျေးရွာတွင် လယ်နှင့် ရော်ဘာခြံများကို ဦးစားပေး စိုက်ပျိုး လုပ်ကိုင်ကြပြီး အဆိုပါလုပ်ငန်းများတွင် နေ့စားလုပ်သားများ၊ အစေးခြစ်လုပ်သားများအဖြစ် လုပ်ကိုင်နေကြသည့် အိမ်ထောင်စုများလည်း ရှိကြပါသည်။ တိရစ္ဆာန်မွေးမြူရေးကို တစ်ပိုင်တစ်နိုင် အဖြစ် မွေးမြူနေကြသူများလည်း ရှိပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် လက်သမား၊ ပန်းရံ အဖြစ် လုပ်ကိုင်ကြသည့် အိမ်ထောင်စုများလည်း ရှိပါသည်။ ထို့အပြင် တစ်ပိုင်တစ်နိုင်ဈေးဆိုင်များ လုပ်ကိုင်ကြပြီး ကျောင်းဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများအဖြစ် လုပ်ကိုင်နေကြသူများလည်း ရှိကြပါသည်။ အခြားအသက်မွေးမှု နည်းပညာများ တတ်မြောက်သည့် အိမ်ထောင်စု နည်းပါးသဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးသောကြောင့် တခြားပြင်ပနိုင်ငံများတွင် သွားရောက် လုပ်ကိုင်သည့် ဦးရေ အနည်းငယ် ပိုများရခြင်း ဖြစ်ပါသည်။**

**ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၀၀၀၀ | - | ၉၀၀၀ | - |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | - | ၈၀၀၀၀ | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် | နေ့စား | - | - | - | - |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | စားသောက်ဆိုင်လုပ်ငန်း | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက်  (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ စပူပြင်ကျေးရွာတွင် ကျားလယ်ယာလုပ်အားခ အများဆုံး (၁၀၀၀၀)နှင့် အနည်းဆုံး(၉၀၀၀)ကျပ်ရရှိပြီး မလယ်ယာလုပ်ကိုင်းခြင်းမရှိပါ။ ကျားလက်သမား၊ ပန်းရံ လုပ်အားခ အများဆုံး(၁၀၀၀၀)နှင့်အနည်းဆုံး(၈၀၀၀)ကျပ်ရရှိပြီး မလက်သမား၊ပန်းရံ လုပ်ကိုင်ခြင်းမရှိပါ။မိန်းကလေးအများစုသည် ရာဘာချက်လုပ်ငန်းကိုအဓိကလုပ်ကိုင်ပြီး တလ ဝင်ငွေ ကျပ်တစ်သိန်း ရရှိပါသည်။ကျားတောခုတ်ခြင်းလုပ်ငန်းမှာ အများဆုံး(၁၀၀၀၀)နှင့် အနည်းဆုံး(၈၀၀၀)ကျပ်ရရှိပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး(မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| လယ်မြေ | ၁၀၀ | ကောင်း ☐ သင့်☐ ညံ့ Â |
| ယာမြေ / တောင်ယာမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၁၅၀၀ | ကောင်း ☐ သင့်Â ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | ၂၀ | ကောင်း ☐ သင့်☐ ညံ့ Â |
| မြေလွတ် မြေလပ် | ၁၀ | ကောင်း ☐ သင့်☐ ညံ့ Â |
| စုစုပေါင်း | ၁၆၃၀ | ☒ |

ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) အါလယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ စပူပြင်ကျေးရွာ၏ လယ်ယာမြမှာ မြေဆီလွှာအရည်အသွေး ကောင်းမွန်း မှုမရှိသဖြင့် လယ်ယာမြေ များပြားရှိသော်လည်း အမှန်တကယ်လုပ်ကိုင်သည့် အိမ်ထောင်စု မှာ(၃၅) အိမ်ထောင်စုသာရှိပါသည်။လယ်လုပ်ရာသီတွင် အရှုံးအမြတ်ကိုအဓိက မထားဘဲမိရိုးဖလာ လုပ် ကိုင်ခြင်းကြောင့်သာ စိုက်ပျိုးနေကြပါသည်။ စပါးနှင့်အခြားသီးနှံများ ထုတ်လုပ်မှုတွင် အထွက်နှုန်း တိုးတက် လာစေရန် စိုက်ပျိုးနည်းစနစ်များ၊ မြေဆီသြဇာ အဆင့် အတန်း ကောင်းမွန်လာစေရန် လိုက်နာရမည့် နည်းစနစ်များ ကျင့်သုံးရန် လိုအပ် နေပါသည်။ဥ ယျာဉ်ခြံလုပ်ငန်းနှင့် ရာဘာတော လုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ□ သင့်□ နည်း□ မရှိÂ | လွယ်□ ခက်□ အသုံးမပြုနိုင်ပါ Â |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ□ သင့်□ နည်းÂ မရှိ□ | လွယ်□ ခက် Â အသုံးမပြုနိုင်ပါ□ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ□ သင့်□ နည်းÂ မရှိ□ | လွယ်Â ခက်□ အသုံးမပြုနိုင်ပါ □ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ□ သင့်□ နည်းÂ မရှိ□ | ☒ |

ရင်းမြစ်..ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ စပူပြင်ကျေးရွာတွင် ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ မထွက်ရှိဘဲ အခြေခံအဆောက်အဦများအတွက် လိုအပ်သော သဲ၊ ကျောက်နှင့် ကျောက်စရစ်များအား အနည်းငယ်ထွက်ရှိပါသည်။ သဘာဝအပင်မျိုးစိတ်များမှာ (ဂျာမနီ၊ ဆေးခါးကြီး၊ဆင်နှာခေါင်း ၊ကြိတ်မှန်းရွက်)များ ရရှိနေပါသည်။ သဘာဝမျိုးစိတ်များမှာ ယခင်က ထက် မတွေ့မြင်ရတော့ပါ။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၂၅ | ၅၀ | ၆၀ | ၃၄ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ စပူပြင်ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စုမှာ (၁၄.၇၉%)၊ အလယ်အလတ်အိမ်ထောင်စုမှာ (၂၉.၅%)၊မပြေလည်သောအိမ်ထောင်စု(၃၅.၅%) အလွန်မပြေ လည်သော အိမ်ထောင်စု(၂၀.၁%) ရှိပါသည်။ မပြေလည်သောနှင့် အလွန်မပြေလည်သော အိမ်ထောင်စုများသည် လယ်နှင့်သက်ဆိုင်သော ရာသီအလိုက် လုပ်ငန်းများနှင့် ရော်ဘာအစေး

ဖြစ်သည့် လုပ်ငန်းခွင်များတွင် အသက်မွေးလုပ်ငန်း လုပ်ကိုင်ကြသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၅ | အခြားအစားပြောင်းလဲစား= ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ___၂____<br>လုပ်အားခကြိုယူ = ___၃____ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၇ | အခြားအစားပြောင်းလဲစား= ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ___၅____<br>လုပ်အားခကြိုယူ = ___၂____ |
| ၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | ၅ | အခြားအစားပြောင်းလဲစား= ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ___၂____<br>လုပ်အားခကြိုယူ = ___၃____ |

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။စပူပြင်ကျေးရွာတွင် ဥစ္စာဓန စစ်တမ်းကောက်ယူမှုအရ ၊မပြေလည်သောအိမ်ထောင်စု(၃၅.၅%) နှင့် အလွန်မပြေ လည်သော အိမ်ထောင်စု(၂၀.၁%)၏ (၃၀%) ဝမ်းစာဖူလုံမှု စစ်တမ်းကောက်ယူမှုအရ အဆင့်(၃)နှင့်(၄)သည် လုပ်အားခကြိုယူခြင်း(ရာဘာ စေးချက်စရံ)နှင့် ချေးယူ၍ အခက်အခဲများကိုဖြေရှင်းကြပါသည်။

(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | ၅ | ၁၀ | ၁၅ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | ၁ | ၁ |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၆ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၁ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် | ၁၀ | | |

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| ဆင်းရဲသည့် အိမ်ထောင်စု | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ စပူပြင်ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် သည် လင်မယားအလိုက်သာ နေထိုင်ကြပါသည်။ မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်မှာ အမျိုးသမီးတစ်ဦးရှိပြီး တစ်ယောက်ထဲ နေထိုင်လျှက်ရှိပါသည်။ ကူညီစောင့် ရှောက်မှု အထူးလိုအပ်သည့် ဆင်းရဲ သည့် အိမ်ထောင်စုများ ရှိသော်လည်း အများစုသည် ဆွေမျိုးတော်စပ်ကြသောကြောင့် အရေးပေါ် ကိစ္စရပ်များတွင် တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီ ကြပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့်Â မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် Â နိမ့်☐ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် Â လတ် ☐ နိမ့်☐ မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၇ | လျှော | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့်Â မရှိ ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် Â လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့်Â မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့်Â မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ စပူပြင်ကျေးရွာတွင် နေ့စားကျပန်းလုပ်ကိုင်သော အိမ်ထောင်စုများပြီး စားနပ်ရိက္ခာ မဖူလုံမှု အနည်းငယ်ရှိပါသည်။ ကျေးရွာမှ ထွက်သော ဆန်စပါးများ လုံလောက်မှုမရှိပါသဖြင့်မြို့ပေါ်မှ ဝယ်ယူကြရပါသည်။လုပ်ကိုင်စားသောက်နိုင်သော လယ်၊ ဥယျာဉ်ခြံမြေများ အသင့်အတင့် ရှိသဖြင့် ကျပန်းလုပ်ကိုင်သော မိသားစုများမှ အဆိုပါ လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် ဝင်ငွေရရှိပါသည်။ ရာသီဥတုမှာလည်း အသင့်အတင့် မျှတသော အခြေ

အနေသာ ဖြစ်ပါသည်။

(င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ လတ် Â နိမ့်☐ မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် ☐ နိမ့်Â မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်Â မရှိ ☐ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐ လတ် ☐ နိမ့်Â မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိÂ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့်Â မရှိ ☐ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်Â မရှိ ☐ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ စပူပြင်ကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများနှင့် လက်လုပ်လက်စားကျပန်းလုပ်ကိုင်သည့် အိမ်ထောင်စုများ ရှိသဖြင့် ၎င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားလွယ်နိုင်ပါသည်။ ရွှေ့ပြောင်းလုပ်သားများရှိသော အိမ်ထောင်စုများ နည်းပါးပြီး ၎င်းတို့သည် ထိခိုက်လွယ်မှု နိမ့်ကြပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

## (က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

